Message Seven

## ဝိညာဉ်တော်သည် အသင်းတော်များသို့ စကားပြောခြင်း၊ ဒါဝိဒ်၏သော့ကို ကိုင်သောအရှင်နှင့် အောင်မြင်သောသူများနှင့်အတူ စားသောက်မည်ဖြစ်သောအရှင်

ဖတ်ရန်ကျမ်း။ ။ဗျာ၊၃း၇-၂၂

### I. ဗျာဒိတ် ၂ နှင့် ၃ တွင် ခရစ်တော်သည် အသင်းတော်များအားလုံးထံ စကားပြောသော ထိုဝိညာဉ်တော်ဖြစ်သည်။

A. ဗျာဒိတ် ၂ နှင့် ၃ တွင် အကန့်အသတ်မဲ့သော၊ အသက်ကိုထုတ်လွှတ်သော၊ အရှိန်ခုနစ်ဆမြှင့်တင်ထားသော၊ နှုတ်မျက်တစ်ခရစ်တော်က အသင်းတော်ခုနစ်ပါးထံသို့ ပေးစာအသီးသီး၏ အစပိုင်း၌ စကားပြောခြင်းသည် (၂း၁၊ ၈၊ ၁၂၊ ၁၈။ ၃း၁၊ ၇၊ ၁၄) အရှိန်ခုနစ်ဆမြှင့်တင်ထားသော၊ အရာအားလုံးပါဝင်သော အသက်ပေးသောဝိညာဉ်တော်က အသင်းတော်ခုနစ်ပါးထံသို့ ပေးစာအသီးသီး၏ အဆုံးတွင် စကြဝဠာဆိုင်ရာ စကားပြောခြင်း ဖြစ်လာခဲ့သည် (၂း၇၊ ၁၁၊ ၁၇၊ ၂၉။ ၃း၆၊ ၁၃၊ ၂၂)။

B. ထို့ကြောင့် စကားပြောသော ခရစ်တော်သည် စကားပြောသော ဝိညာဉ်တော်၊ အသင်းတော်များအားလုံးသို့ စကားပြောသော ထိုဝိညာဉ်တော် ဖြစ်လာသည်။ ခရစ်တော်သည် ဒေသန္တရအသင်းတော်တစ်ပါးထံ စကားပြောပြီး၊ ဝိညာဉ်တော်က စကြဝဠာဆိုင်ရာ ကိုယ်ခန္ဓာတော်ထံ စကားပြောသည်။

C. ဤအရာက ထိုဝိညာဉ်တော်သည် သခင်ဘုရားဖြစ်ပြီး၊ သခင်ဘုရားသည် ထိုဝိညာဉ်တော်ဖြစ်ကြောင်း ညွှန်ပြရုံသာမက၊ ၎င်းက အသင်းတော်၏ ကျဆင်းယိုယွင်းခြင်း မှောင်မိုက်၌ ထိုဝိညာဉ်တော်သည် အလွန်ပင် အရေးကြီးနေကြောင်း အလေးထားခြင်းလည်းဖြစ်သည်၊ ယင်းကို ၁း၄ ရှိ အရှိန်ခုနစ်ဆမြှင့်တင်ထားသော ဝိညာဉ်တော်အားဖြင့် ညွှန်ပြထားသည်။

D. ဗျာဒိတ် ၂ နှင့် ၃ ရှိ ပေးစာခုနစ်စောင်သည် သခင်ယေရှုအားဖြင့် ပြောခဲ့သော စကားများဖြစ်သည်၊ သို့သော် ယနေ့ ၎င်းတို့ကို ကျွန်ုပ်တို့ဖတ်သောအခါ ဘုရားသခင်၏ဝိညာဉ်တော်ခုနစ်ပါးသည် ဤစကားများကို ဘုရားသခင့်စီမံကိန်း၏ အကြံအစည်တော်အတွက် ကျွန်ုပ်တို့၏ဝိညာဉ်၌ စကားပြောနေသည်။ ပေးစာတစ်ခုစီ၏ အစပိုင်းရှိ သခင်ဘုရား၏စကားသည် အသင်းတော် တစ်ပါးပါးထံသို့ဖြစ်သည်၊ သို့သော် ခေတ်ကာလများတစ်လျှောက်ရှိ လူများက ၎င်းကို ဖတ်ရှုသောအခါ ယင်းသည် အသင်းတော်များအားလုံးထံသို့ ဝိညာဉ်တော်၏ စကားပြောခြင်း ဖြစ်လာသည်။

E. ဝိညာဉ်တော်၏ စကားပြောခြင်းသည် ကျွန်ုပ်တို့ကို ခရစ်တော်၏ ဖြည့်သွင်းပေးခြင်းသို့ အမြဲပင် လှည့်ပြန်စေသည်။ ဝိညာဉ်တော်၏စကားပြောခြင်းသည် ခရစ်တော်၏ ဖြည့်သွင်းပေးခြင်း ဖြစ်သည် - ညွှန်း၊ ၂ကော၊၃း၁၆-၁၈။

1. အသင်းတော်များထံသို့ ဘုရားသခင့်ဝိညာဉ်တော်ခုနစ်ပါး၏ စကားပြောခြင်းကို ကျွန်ုပ်တို့ ကြားနာရသောအခါတိုင်း ကျွန်ုပ်တို့သည် အဖိုးတန်သော၊ ချိုမြိန်သော၊ ချစ်ဖွယ်သော ဖြည့်သွင်းခြင်း၊ ကျွန်ုပ်တို့ကို ပြောင်းလဲစေသော၊ ကျွန်ုပ်တို့ကို ပုံသဏ္ဍာန်ပြောင်းလဲသော၊ ကျွန်ုပ်တို့ကို သင့်လျော်သော တန်ဆာပလာဖြစ်စေသော၊ ဘုရားသခင့်တည်ဆောက်ခြင်းအထဲသို့ ကျွန်ုပ်တို့ကို တည်ဆောက်ပေးသော ဖြည့်သွင်းခြင်းအောက်သို့ ချက်ချင်း ရောက်ရှိသွားကြသည်။

2. ငရဲမီးအိုင်သို့ သွားရမည့်အရာမှန်သမျှသည် မီးခွက်ခုနစ်လုံးအားဖြင့် လောင်ကျွမ်းသွားပြီး (ဗျာ၊၄း၅)၊ ယခု ကျွန်ုပ်တို့သည် မျက်စိခုနစ်လုံး၏ အောက်တွင် ရှိကြကာ (၅း၆)၊ ခရစ်တော်ဖြစ်တော်မူသောအရာ ရှိသမျှဖြင့် ဖြည့်သွင်းပေးခြင်း ခံရကြကာ၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ယေရုရှလင်မြို့သစ်၏ အစိတ်အပိုင်း ဖြစ်လာကြမည်ဖြစ်သည်။

F. အသင်းတော်များရှိ ယုံကြည်သူများသည် ဝိညာဉ်တော်၏စကားပြောခြင်းကို ကြားနိုင်သော အနေအထား၌ ရှိကြကာ၊ အလွယ်တကူ ကြားနိုင်ရန် နားများ ရှိနေကြသော်လည်း၊ သူတို့ထဲမှ အားလုံးက ကိုယ်တော်၏စကားပြောခြင်းနောက်သို့ နီးကပ်စွာလိုက်ခြင်း မရှိကြပါ။ ထို့ကြောင့် အောင်မြင်သောသူများကို ခေါ်နေရခြင်း ဖြစ်သည်။

G. ဝိညာဉ်တော်က အသင်းတော်များသို့ ပြောနေသောအရာကို ကြားစရာနားရှိသောသူတို့သည် ကြားသင့်ကြပြီး၊ ကြားသောသူတို့သည် အောင်မြင်သောသူများ ဖြစ်လိမ့်မည်ဖြစ်သည်။

1. သခင်ဘုရားသည် ကိုယ်တော်၏အသံကို ကြားရန် ကျွန်ုပ်တို့၏နားများကို ဖွင့်ထားစေဖို့ အမြဲအလိုရှိသည်၊ သို့မှသာ ကျွန်ုပ်တို့က ကိုယ်တော်၏စီမံကိန်းအတိုင်း အရာများကို မြင်နိုင်မည်ဖြစ်သည် - ယောဘ၊၃၃း၁၄-၁၆။ ဟေရှာ၊၅၀း၄-၅။ ထွ၊၂၁း၆။

2. လေးနေသော နားများသည် အရေဖုးလှီးခြင်းခံရန် လိုအပ်သည် - ယေ၊၆း၁၀။ တ၊၇း၅၁။
3. အပြစ်သားများ၏နားများသည် ရွေးနုတ်သော အသွေးတော်ဖြင့် ဆေးကြောခံရန်နှင့် ဝိညာဉ်တော်ဖြင့် ဘိသိက်ပေးခြင်း ခံရန် လိုအပ်သည် - ဝတ်၊၁၄း၁၄၊ ၁၇၊ ၂၈။
4. ယဇ်ပုရောဟိတ်များအဖြစ် သခင်ဘုရားကို အစေခံရန် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏နားများကို ရွေးနုတ်သောအသွေးတော်ဖြင့် ဆေးကြောခံရမည်ဖြစ်သည် - ထွ၊၂၉း၂၀။ ဝတ်၊၈း၂၃-၂၄။
5. ဝိညာဉ်တော်သည် အသင်းတော်များသို့ စကားပြောနေသောကြောင့် ကျွန်ုပ်တို့အားလုံးသည် ဝိညာဉ်တော်၏စကားပြောခြင်းကို ကြားရန် ဖွင့်ထားသော၊ အရေဖုးလှီးခြင်းခံရသော၊ ဆေးကြောခံရသော၊ ဘိသိက်ခံရသော နားရှိရန် လိုအပ်သည်။

H. ဝိညာဉ်တော်၏စကားပြောခြင်းသည် အသင်းတော်သမိုင်းရှိ အသင်းတော်အမျိုးအစားခုနစ်မျိုးနှင့် စပ်လျဉ်းနေသည်။ အစပြု အသင်းတော် (ဧဖက်)၊ ဒုက္ခဆင်းရဲခံရသောအသင်းတော် (စမုရန)၊ လောကဆန်သောအသင်းတော် (ပေရဂံ)၊ အယူတိမ်းသော အသင်းတော် (သွာတိရ)၊ ပြုပြင်ပြောင်းလဲသောအသင်းတော် (သာဒိ)၊ ပြန်လည်ရယူသောအသင်းတော် (ဖိလဒေလဖိ) နှင့် ကျဆင်းယိုယွင်းသွားသည့် ပြန်လည်ရယူသောအသင်းတော် (လောဒိကိ) တို့ဖြစ်သည်။

1. နောက်ဆုံး အသင်းတော်အမျိုးအစားလေးခုသည် သခင်ဘုရားပြန်ကြွလာချိန်အထိ အားလုံးကျန်ရှိနေမည်ဖြစ်သည်။
2. ပြန်လည်ရယူသောအသင်းတော်သာလျှင် ဘုရားသခင်၏ထာဝရအကြံအစည်တော်ကို ပြီးပြည့်စုံစေနိုင်မည်၊ သူမသည်သာ သခင်ဘုရားရှာဖွေနေသောအရာဖြစ်သည်မှာ သံသယမရှိပါ။ ကျွန်ုပ်တို့သည် သခင်ဘုရား၏ ရွေးချယ်မှုကို ယူဆောင်ရမည်။
3. လောဒိကိသည် ပုံပျက်သွားသော ဖိလဒေလဖိဖြစ်ပြီး၊ မပူမအေးဖြစ်ခြင်းနှင့် ဝိညာဉ်ရေးရာမာန ရှိနေသည် - ဗျာ၊၃း၁၄-၁၇။
   a. လောဒိကိသည် အရာခပ်သိမ်းကို သိသော်လည်း၊ စစ်မှန်ခြင်း၌မူ ဘာအတွက်မျှ ထက်သန်ပြင်းပြမှုမရှိတော့ခြင်းဖြစ်သည်။ အမည်နာမ၌ ၎င်းတွင် အရာခပ်သိမ်းရှိသော်လည်း၊ မိမိအသက်ကို မည်သည့်အရာအတွက်မျှ စွန့်လွှတ်ပူဇော်နိုင်ခြင်း မရှိတော့ပါ။ ယခင်က ဘုန်းကို အောက်မေ့နေသော်လည်း၊ ဘုရားသခင့်ရှေ့တော်ရှိ ၎င်း၏ လက်ရှိအခြေအနေကို မေ့လျော့နေသည်။
   b. ကျွန်ုပ်တို့သည် ဖိလဒေလဖိ၏လမ်း၌ ဆက်လက်သွားလိုလျှင် ဘုရားသခင့်ရှေ့တော်၌ ကျွန်ုပ်တို့ကိုယ်ကို နှိမ့်ချထားရန် သတိရရမည်ဖြစ်သည် - ညွှန်း၊ အငယ်၊၇-၂၂။ ဟေရှာ၊၅၇း၁၅။ ၆၆း၁-၂။

## II. ပြန်လည်ရယူသောအသင်းတော် (ဖိလဒေလဖိ) ၌ ခရစ်တော်သည် ဘုရားသခင့်အိမ်တော် (ဘုရားသခင်၏နိုင်ငံတော်တည်ဆောက်ခြင်းအတွက် ဒါဝိဒ်၏အိမ်တော်အားဖြင့် ပုံဆောင်ခြင်း) ၏ (ဘဏ္ဍာတိုက်) သော့ကို မိမိပခုံးပေါ်တင်ထားသောသူအဖြစ် မြင်ရသည် - ၂၂း၂၂။ ဗျာ၊၃း၇။

A. ပြန်လည်ရယူသော အသင်းတော်အဖို့ ခရစ်တော်သည် ဒါဝိဒ်၏သော့၊ နိုင်ငံတော်၏သော့ ရှိသောသူ၊ ဖွင့်နိုင်၊ ပိတ်နိုင်သော အခွင့်အာဏာရှိသောသူ ဖြစ်သည်။ သခင်ဘုရားသည် သဘောတညီတညွတ်တည်း၌ရှိသော ပြန်လည်ရယူသောအသင်းတော်အား မည်သူမျှ မပိတ်နိုင်သော ဖွင့်ထားသည့်တံခါးကို ပေးခဲ့ပြီဖြစ်သည် - အငယ်၊၈။ ညွှန်း၊ ဆာ၊၁၃၃။

B. ဒါဝိဒ်၏သော့သည် ကျွန်ုပ်တို့အတွက် ဖွင့်ထားပြီး၊ ကျွန်ုပ်တို့ကို ကျောက်ဖြူအဖြစ်သို့ ပုံသဏ္ဍာန်ပြောင်းလဲရန်နှင့် ဘုရားသခင့်နာမ၊ ယေရုရှလင်မြို့သစ်၏နာမနှင့် သခင်ဘုရား၏ အသစ်သောနာမနှင့်အတူ တိုင်အဖြစ် ဘုရားသခင်၏အိမ်တော်အထဲသို့ တည်ဆောက်ခံရစေရန် ဖြစ်သည် - ဗျာ၊၂း၁၇။ ၃း၁၂။

1. ဘုရားသခင်အထဲသို့ ကျွန်ုပ်တို့တည်ဆောက်ခံရကာ၊ ယေရုရှလင်မြို့သစ်၏ စေ့စပ်ထုံးဖွဲ့မှု ဖြစ်လာခြင်းနှင့် အသစ်သော ခရစ်တော်၏ အစိတ်အပိုင်းဖြစ်လာခြင်းမှာ လူသားအနေဖြင့် ဖြစ်နိုင်ချေမရှိပါ၊ သို့သော် ကျွန်ုပ်တို့အတွင်းရှိ အသက်၏ ဝိညာဉ်တော်တရားသည် မဖြစ်နိုင်သောအရာကို ဆက်ဆံဖြေရှင်းသော ဒြပ်သဘာဝ ပါဝင်နေသည် - ရော၊၈း၂။ ဗျာ၊၃း၇-၁၃။ ညွှန်း၊ က၊၂၈း၁၂-၁၉။ ယော၊၁း၅၁။
2. ခရစ်တော်၌ ဘုရားသခင့်ဘဏ္ဍာတိုက်၏ တံခါးကို ထိန်းချုပ်သော သော့ရှိပြီး၊ ၎င်း၌ ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက်မှုအတွက် ခရစ်တော်ရှိ ဘုရားသခင်၏ ကြွယ်ဝခြင်းများ ရှိနေသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်က ဤကြွယ်ဝခြင်းများအား ကျွန်ုပ်တို့ထံ ဖွင့်ပေးခြင်းနှင့် ပိတ်ထားခြင်းနှစ်ခုလုံးကို တွေ့ကြုံခံစားကြရသည် - ဧ၊၄း၃၀။ ၁သက်၊၅း၁၇။ ၁ယော၊၁း၇၊ ၉။

a. ကိုယ်တော်၏ကြွယ်ဝခြင်းများကို ဘဏ္ဍာအဖြစ် မွေ့လျော်ဝမ်းမြောက်ဖို့အလို့ငှာ ကျွန်ုပ်တို့သည် ဝိညာဉ်၌ဆင်းရဲရန်နှင့် စိတ်နှလုံးဖြူစင်ရန် သခင်ဘုရားနှင့် ထိတွေ့နေခြင်း၌ တည်နေရမည်၊ အသက်၏အာရုံခံစားမှုအတိုင်း သခင်ဘုရားကို ဆက်သွယ်ခြင်း၌ တည်နေရမည်ဖြစ်သည် - ၂ကော၊၂း၁ဝ။ ရော၊၈း၆။ ၁ဝး၁၂-၁၃။ ကော၊၃း၁၆။ မ၊၅း၃၊ ၈။

b. ကိုယ်တော်၏ကြွယ်ဝခြင်းများကို ဘဏ္ဍာအဖြစ် မွေ့လျော်ဝမ်းမြောက်ဖို့အလို့ငှာ ကျွန်ုပ်တို့သည် အတ္တကို ငြင်းပယ်ခြင်း၊ ကားတိုင်ကို ထမ်းခြင်းနှင့် စိတ်အသက်ကို ဆုံးရှုံးခြင်း သော့များကို လက်တွေ့ကျင့်သုံးရန် သင်ယူဖို့လိုအပ်သည်။ ကျွန်ုပ်တို့အားလုံးသည် ဖယ်ရှားခံရ၍ ခရစ်တော်အားဖြင့် အစားထိုးခံရမည့် "ရှေဗနများ" ဖြစ်ကြပြီး၊ ကိုယ်တော်သည် ကျွန်ုပ်တို့၌၊ ကျွန်ုပ်တို့ထံ အရာခပ်သိမ်းဖြစ်၍၊ ကျွန်ုပ်တို့မှတစ်ဆင့်၊ ကျွန်ုပ်တို့အတွက် အရာခပ်သိမ်းကို လုပ်ဆောင်ရန်ပင် ဖြစ်သည် - ဟေရှာ၊၂၂း၁၅-၁၉။ မ၊၁၆း၂၄-၂၅။

**III. ကျဆင်းယိုယွင်းသွားသည့် ပြန်လည်ရယူသောအသင်းတော်၌ ခရစ်တော်သည် အောင်မြင်သောသူများနှင့်အတူ စားသောက်မည့်သူ၊ ကိုယ်တော်အောင်မြင်၍ ခမည်းတော်နှင့်အတူ ကိုယ်တော်၏ပလ္လင်တော်ပေါ်မှာ ထိုင်သည့်နည်းတူ အောင်မြင်သောသူများအား ကိုယ်တော်၏ပလ္လင်တော်ပေါ် ကိုယ်တော်နှင့်အတူ ထိုင်နေခွင့်ကိုပေးမည့်သူအဖြစ် မြင်ရသည် - ဗျာ၊၃း၂ဝ-၂၁။**

A. "ငါသည် တံခါးရှေ့မှာ ရပ်၍ ခေါက်လျက် နေ၏။ အကြင်သူသည် ငါ၏အသံကို ကြား၍ တံခါးကို ဖွင့်အံ့။ ထိုသူရှိရာသို့ ငါဝင်၍ သူနှင့်အတူ စားသောက်မည်။ သူသည်လည်း ငါနှင့်အတူ စားသောက်ရလိမ့်မည်" - အငယ်၊၂ဝ။

1. တံခါးသည် တစ်ဦးချင်းစီ၏ စိတ်နှလုံးတံခါးမဟုတ်ဘဲ၊ အသင်းတော်၏ တံခါးဖြစ်သည်။ အသင်းတော်၏ဦးခေါင်းတော်အဖြစ် သခင်ဘုရားသည် ကျဆင်းယိုယွင်းသော အသင်းတော် ပြင်ပတွင် ရပ်နေပြီး၊ သူမ၏ တံခါးကို ခေါက်လျက်နေသည်။
2. တံခါးသည် အသင်းတော်၏တံခါးဖြစ်သည်၊ သို့သော် တံခါးကို ယုံကြည်သူတစ်ဦးချင်းစီအားဖြင့် ဖွင့်ခြင်းဖြစ်သည်။ လောဒိကိ၌ရှိသောအသင်းတော်သည် အသိပညာ ရှိသော်လည်း၊ သခင်ဘုရား၏မျက်မှောက်တော် မရှိပေ။
3. သခင်ဘုရား၏ မျက်စိတော်၌ ကျဆင်းယိုယွင်းသွားသော ပြန်လည်ရယူသည့်အသင်းတော်သည် (၁) အတိဒုက္ခ ရောက်နေသည်၊ အကြောင်းမှာ သူမသည် အချည်းနှီးသော ဩဝါဒ အသိပညာ၌ ကြွယ်ဝသောလည်း၊ စစ်မှန်ခြင်း၌မူ ခရစ်တော်၏ ကြွယ်ဝခြင်းများကို တွေ့ကြုံခံစားခြင်း၌ အလွန် ဆင်းရဲလျက်ရှိသည်။ (၂) စိတ်ပျက်ဖွယ်ရာဖြစ်သည်၊ အကြောင်းမှာ သူမသည် အဝတ်အချည်းစည်းရှိ၍၊ မျက်စိကန်းကာ အလွန်ပင် ရှက်ဖွယ်ကောင်းခြင်း၊ မှောင်မိုက်အတိ ရှိသောကြောင့်တည်း။ (၃) ဆင်းရဲလျက်ရှိသည်၊ အကြောင်းမှာ သူမသည် ခရစ်တော်ကို တွေ့ကြုံခံစားခြင်းနှင့် ဘုရားသခင့်စီမံကိန်း၏ ဝိညာဉ်ရေးရာစစ်မှန်ခြင်း၌ ဆင်းရဲနေသည်။ (၄) မျက်စိကန်းလျက်ရှိသည်၊ အကြောင်းမှာ သူမသည် စစ်မှန်သော ဝိညာဉ်ရေးဆိုင်ရာအရာများ၌ မှန်သော ဝိညာဉ်ဆိုင်ရာအမြင် ကင်းမဲ့နေသည်။ (၅) အဝတ်အချည်းစည်း ရှိသည်၊ အကြောင်းမှာ သူမသည် ခရစ်တော်အားဖြင့် အသက်မရှင်ခြင်း သို့မဟုတ် နေ့စဉ်လျှောက်လှမ်းခြင်း၌ ခရစ်တော်ကို ဒုတိယဝတ်ရုံတည်း ဟူသော အတွင်းပိုင်း ဖြောင့်မတ်ခြင်းအဖြစ် အသက်မရှင်သောကြောင့် ဖြစ်သည် - အငယ်၊၁၅-၁၇။ ညွှန်း၊ ဆာ၊၄၅း၁၊ ၉-၁၄။
4. သခင်ဘုရားသည် အသင်းတော်တစ်ခုလုံးနှင့် ဆက်ဆံဖြေရှင်းနေသည်၊ သို့သော် သခင်ဘုရား၏ဆက်ဆံဖြေရှင်းခြင်းကို လက်ခံရယူခြင်းသည် တစ်ဦးချင်းဆိုင်ရာနှင့် အတွင်းကျကျ အကြောင်းအရာ ဖြစ်ရမည်ဖြစ်သည်။
5. သခင်ဘုရားနှင့်အတူ စားသောက်ခြင်းမှာ အစာတစ်မျိုးကိုသာ စားခြင်းမျိုးမဟုတ်ဘဲ၊ အစားအစာ၊ စားသောက်ပွဲ၏ ကြွယ်ဝခြင်းများကို ယူဆောင်စားသုံးခြင်းဖြစ်သည်။ ဤအရာသည် အစ္စရေးအမျိုးသားတို့က ကောင်းသောမြေ ခါနာန်ပြည်၏ ကြွယ်ဝသောထုတ်ကုန်ကို စားသုံးရခြင်း ပုံဆောင်ချက်၏ ပြီးမြောက်ပြည့်စုံခြင်းအား ရည်ညွှန်းသည် - ယောရှု၊၅း၁ဝ-၁၂။
6. ခရစ်တော်ကို အသက်ပင်၊ ဝှက်ထားသောမန္နနှင့် စားသောက်ပွဲအဖြစ် မွေ့လျော်ဝမ်းမြောက်ရခြင်းမှတစ်ဆင့် ကျွန်ုပ်တို့သည် ယေရုရှလင်မြို့သစ်အဖြစ် ကိုယ်တော်ကို ထင်ရှားရန်အလို့ငှာ ကျွန်ုပ်တို့၏စေ့စပ်ထုံးဖွဲ့မှု၌ ကိုယ်တော်နှင့်အတူ တစ်ခုတည်းသောထုံးဖွဲ့မှုအဖြစ် ရောနှောပေါင်းစည်းလိမ့်မည်ဖြစ်သည် - ဗျာ၊၂း၇၊ ၁၇။ ၃း၂ဝ။

B. "ငါသည် အောင်မြင်၍ ငါ့ခမည်းတော်၏ ပလ္လင်တော်ပေါ်မှာ ခမည်းတော်နှင့်အတူ ထိုင်နေသကဲ့သို့၊ အောင်မြင်သောသူသည် ငါ၏ ပလ္လင်ပေါ်မှာ ငါနှင့်အတူ ထိုင်နေရသောအခွင့်ကို ငါပေးမည်" - အငယ်၊၂၁။

1. ကိုယ်တော်၏ပလ္လင်တော်ပေါ်မှာ သခင်ဘုရားနှင့်အတူ ထိုင်ခြင်းမှာ အောင်မြင်သောသူအဖို့ ဆုဖြစ်သည်၊ သို့မှသာ သူသည် သခင်ဘုရား၏အခွင့်အာဏာ၌ ပါဝင်ဆက်ဆံ၍ လာမည့် မိလေနီနိုင်ငံတော်၌ မြေကြီးတစ်ပြင်လုံးအပေါ် အုပ်စိုးခြင်း၌ ကိုယ်တော်နှင့်အတူ တွဲဖက်ဘုရင် ဖြစ်နိုင်မည်ဖြစ်သည် - လု၊၁၉း၁၁-၂၇။ မ၊၂၅း၂၁၊ ၂၃။
2. ဘုရားသခင်၏ရည်ရွယ်ချက်မှာ မိမိကိုယ်တော်တိုင်ကို လူအထဲသို့ လုပ်ဆောင်၍၊ လူအပေါ် လုပ်ဆောင်ရန်၊ ထိုသို့ဖြင့် လူသည် ပလ္လင်တော်ပေါ်မှာ ရှိနိုင်ရန်အလို့ငှာ ဖြစ်သည်။ ကိုယ်တော်၏ အလိုဆန္ဒမှာ ကျွန်ုပ်တို့ကို ပလ္လင်တော်၏လူများ ဖြစ်စေရန်ဖြစ်သည် - ဗျာ၊၂း၂၆-၂၇။ ၃း၂၁။ ၂၂း၅။ ညွှန်း၊ ဟေရှာ၊၁၄း၁၂-၁၄။
3. ကိုယ်တော်၏ ကားတိုင်မှာအသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် တက်ကြွခြင်းတို့မှတစ်ဆင့် သခင်ယေရှုသည် ပလ္လင်တော်သို့ ဆောင်ယူခံရသည်။ ယေရှုအမည်ရှိသော စစ်မှန်သောလူသည် ပလ္လင်ပေါ်တွင် ရှိသည် (ယေဇ၊၁း၂၆)။ ယခုမှာ ကောင်းကင်နှင့်မြေကြီး၏ သခင်ဘုရား၊ စကြဝဠာ၏ သခင်ဘုရားသည် ယနေ့ လူတစ်ဦးဖြစ်သည်။ ဤအတွက်ကြောင့် ကျွန်ုပ်တို့က “ယေရှုသည် သခင်ဖြစ်တော်မူ၏”ဟု ကြွေးကြော်ကြရခြင်းဖြစ်ပြီး၊ ဤအတွက်ကြောင့် ကျွန်ုပ်တို့က “အို သခင်ယေရှု”ဟု ခေါ်ဆိုကြရခြင်းဖြစ်သည်။
4. သခင်ယေရှုသည် ပလ္လင်တော်သို့ သွားရာလမ်းကို ဦးဆောင်နေသည်။ ကိုယ်တော်သည် အစပြုသူ၊ ရှေ့ပြေး (ဟေဗြဲ၊၆း၂၀။ ၂း၆-၉) ဖြစ်ပြီး၊ ပလ္လင်တော်သို့သွားရာလမ်းကို ခုတ်ထွင်လမ်းရှင်းပေးသည်။ ကိုယ်တော်သည် လမ်းကို ခုတ်ထွင်ပေးပြီး၊ ဦးဆောင်မှုပြုနေသည်၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် နောက်လိုက်နိုင်ကြမည်ဖြစ်သည် (အငယ်၊၁၀-၁၂)။
5. ယခု ကျွန်ုပ်တို့သည် ပလ္လင်တော်သို့ ချီတက်နေကြသည်၊ အကြောင်းမှာ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ဘုန်းတော်အထဲသို့ ခေါ်ဆောင်ရန်နှင့် ကျွန်ုပ်တို့ကို ပလ္လင်တော်ပေါ်မှ နေရာချရန် ရည်ရွယ်သောကြောင့် ဖြစ်သည်။ ဘုရားသခင်သည် မိမိကိုယ်တော်တိုင်ကို လူမှတစ်ဆင့် ထင်ရှားလိုသည်၊ ကိုယ်တော်သည် လူမှတစ်ဆင့် စိုးစံခြင်း၊ စီမံခန့်ခွဲခြင်း ပြုလိုသည်။ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ စာတန်ကို နှင်ချရန်နှင့် စာတန်အားဖြင့် ဖမ်းဆီးသိမ်းသွားခံရသူများစွာတို့ကို ရွေးနုတ်၍၊ ကိုယ်တော်၏ပလ္လင်တော်သို့ ခေါ်ဆောင်သွားရန် ဖြစ်သည်။
6. ကျွန်ုပ်တို့သည် ဘုရားသခင်၏သားများဖြစ်ရန် ခေါ်ခြင်းခံရကြပြီး၊ ကျွန်ုပ်တို့သည် ဘုရင်များဖြစ်ရန် ခွဲခန့်မှတ်သားခံရပြီဖြစ်သည်၊ သို့သော် ကျွန်ုပ်တို့သည် ဘုရားသခင်အား ကျွန်ုပ်တို့၌ လုပ်ဆောင်စေရန်နှင့် ဘုရင်အရိုက်အရာအတွက် ကျွန်ုပ်တို့အရည်အချင်းပြည့်မီစေဖို့ ကျွန်ုပ်တို့အပေါ် လုပ်ဆောင်စေရန် လိုအပ်နေသည် - ရော၊၅း၁၇၊ ၂၁။ ညွှန်း၊ ယေဇ၊၁း၂၂၊ ၂၆။ မ၊၈း၉။

*© 2025 Living Stream Ministry*